
# ဂျပန်နိုင်ငံတွင် ကုမ္ပဏီအလုပ်ရခြင်း

ဂျပန်နိုင်ငံတွင် "ထူးချွန်သည့်ပုဂ္ဂိုလ်ကို အလုပ်ခေါ်ယူချင်သည်"၊ "နိုင်ငံခြားဘာသာကျွမ်းကျင်သူ၊ အခြားနိုင်ငံများ၏ အခြေအနေကို နှံ့နှံ့စပ်စပ်သိရှိသူကို လိုအပ်နေသည်"၊ "နောက်ခံသမိုင်းနှင့် ရှုထောင့်မတူညီသည့်လူကို များများ အလုပ်ခန့်ချင်သည်" ဟူ၍ စိစဉ်သည့် ကုမ္ပဏီများပြားလာသောကြောင့် ကုမ္ပဏီများတွင် အလုပ်အကိုင်ရသည့် နိုင်ငံခြားကျောင်းသားဦးရေသည် များလာသည်။

သို့သော်လည်း နိုင်ငံခြားကျောင်းသားများက ဂျပန်နိုင်ငံတွင် ကုမ္ပဏီအလုပ်ရရှိရန် မလွယ်ကူပါ။

## ဂျပန်နိုင်ငံတွင် နိုင်ငံခြားကျောင်းသားများ အလုပ်အကိုင် ရရှိသည့် အခြေအနေ

<နေထိုင်ခွင့်ခွင့်ပြုချက် "ကျောင်းသား (College Student)" မှ အလုပ်လုပ်ခွင့်ခွင့်ပြုချက်သို့ ပြောင်းလဲလျှောက်ထားမှုအတွက် ခွင့်ပြုချက်အရေအတွက်>




<လုပ်ငန်းအမျိုးအစားအလိုက် ဖွဲ့စည်းမှုအချိုး (ထိပ်ဆုံး 5 မျိုး)>

| | |
|---|---|
| နံပါတ် 1 ကုန်သွယ်/အရောင်းအဝယ်လုပ်ငန်း | 21.1% |
| နံပါတ် 2 ကွန်ပျူတာနှင့်နီးနွယ်လုပ်ငန်း | 10.1% |
| နံပါတ် 3 ပညာရေး | 7.5% |
| နံပါတ် 4 လျှပ်စစ်ပစ္စည်း | 3.4% |
| နံပါတ် 5 စားသောက်ဆိုင်လုပ်ငန်း | 3.2% |

### လစဉ်ဂင်ငွေ ဖွဲ့စည်းပုံအချိုး

| | |
|---|---|
| 200,000 ယန်း (အမေရိကန်ဒေါ်လာ 1,800 ခန့်) အောက် | 31.0% |
| 250,000 ယန်း (အမေရိကန်ဒေါ်လာ 2,200 ခန့်) အောက် | 49.5% |
| 300,000 ယန်း (အမေရိကန်ဒေါ်လာ 2,700 ခန့်) အောက် | 11.0% |
| 350,000 ယန်း (အမေရိကန်ဒေါ်လာ 3,100 ခန့်) အောက် | 2.9% |
| 350,000 ယန်း (အမေရိကန်ဒေါ်လာ 3,100 ခန့်) နှင့်အထက် | 3.4% |
| မသိ | 2.2% |

※ အမေရိကန်ဒေါ်လာ ၁ ဒေါ်လာ = ၁၁၄ ယန်းဖြင့် တွက်ချက်

Source: The Employment of International Students by Japanese Companies in 2015 by Immigration Bureau, Ministry of Justice

## နေထိုင်ခွင့် အမျိုးအစားပြောင်းခြင်း

နိုင်ငံခြားကျောင်းသားများက ဂျပန်နိုင်ငံတွင် ကုမ္ပဏီအလုပ်ရခဲ့သည့်အခါ နေထိုင်ခွင့်အမျိုးအစားကို "ပညာတော်သင်" မှ Engineer/Specialist in Human-ities/ International Services စသည့် အလုပ်လုပ်ကိုင်နိုင်သည့် နေထိုင်ခွင့်အမျိုးအစားသို့ ပြောင်းလဲပေးရမည်။

နေထိုင်ခွင့်အမျိုးအစားပြောင်းလဲသည့်အခါ အရေးကြီးသည့် အချက် ၄ ချက် ရှိသည်။

| | |
|---|---|
| ပညာအရည်အချင်း | တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကောလိပ် အောင်မြင်ထားသူ<br>အသက်မွေးပညာသင်ကျောင်း အောင်မြင်ပြီး "ဒီပလိုမာ" ဘွဲ့ရှိသူ |
| လုပ်ကိုင်မည့် အလုပ်အမျိုးအစား | အလုပ်ရသည့်ကုမ္ပဏီတွင် လုပ်ကိုင်မည့် အလုပ်အမျိုးအစားသည် မိမိအထူးပြုထားသည့် ဘာသာရပ်နှင့် ဆက်စပ်မှု ရှိ မရှိ သည် အရေးကြီးသည်။ ဥပမာ – အဝတ်အစားဒီဇိုင်းကို သင်ကြားခဲ့သည့်သူက ကွန်ပျူတာပရိုဂရမ်မာအဖြစ် အလုပ်ရသည့်အခါ နေထိုင်ခွင့်အမျိုးအစားကို ပြောင်းလဲရန်အခက်အခဲရှိနိုင်သည်။ လုပ်အားခသည် ဂျပန်လူမျိုးနှင့် ညီမျှရမည် သို့မဟုတ် များပြားရမည်။ ကုမ္ပဏီသည် ငွေကြေးခိုင်မာမှုရှိပြီး လုပ်ငန်းလည်ပတ်မှု အဆင်ပြေရမည်။ |
| လစာ | ဂျပန်လူမျိုး၏လစာနှင့် တူညီသော (သို့) ထိုထက်မနည်းသော လစာ |
| လုပ်ငန်း၏ အခြေအနေမှန် | ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအခြေခံအုတ်မြစ် နှင့် လုပ်ငန်းစွမ်းဆောင်ချက်များ၏ တည်ငြိမ်မှု စသည် |